ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၄)၊ အမှတ်-၉၂

ဇန်နဝါရီ ၇ ရက်၊ ၂၀၂၀

# ပင်လုံကျောက်တိုင်စာသားကို မူလအတိုင်းပြုပြင်သွားမည်

**ဇန်နဝါရီ ၆၊ ၂၀၂၀**

ဒီဇင်ဘာ(၁၈)ရက်က ကျင်းပခဲ့သည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စိုင်းလင်းမြတ်က ပင်လုံကျောက်တိုင်တွင် ရေးထိုးထားသည့် ကမ္ပည်းမော်ကွန်းရေးထိုးထားမှုအပေါ် မေးခွန်းမေးမြန်းခဲ့ရာ 'တောင်တန်းပြည်မ ပူးပေါင်းရေးစာချုပ်ကျောက်တိုင်' ဆိုသည့် မူလစာသားအတိုင်း ပြန်လည်ပြင်ဆင်ထွင်းထုသွားမည်ဟု ရှမ်းပြည်နယ်အစိုးရ စည်ပင်သာယာရေးဝန်ကြီး စိုင်းစွံဆိုင်းက ဖြေကြားခဲ့ကြောင်းသိရသည်။ ယင်းမှာ ပင်လုံကျောက်တိုင် ကမ္ပည်းမော်ကွန်းစာသားနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်တွင် ညောင်ရွှေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးနေမျိုး၏ မေးမြန်းမှုကို ပြည်နယ်အစိုးရအနေဖြင့် ပြုပြင်ပေးမည်ဟု ကတိပြုဖြေကြားထားသော်လည်း အကောင်အထည်ဖော်ခြင်း မရှိသေးသည့်အတွက် ပြည်နယ်လွှတ်တော်တွင် မေးမြန်းခြင်းဖြစ်သည်ဟု ဆိုသည်။

ယင်းနှင့်ပတ်သက်၍ ၂၀၁၉ ဒီဇင်ဘာ ၆ ရက်က ကျင်းပသည့် ရှမ်းပြည်နယ်အစိုးရ အဖွဲ့စည်းအဝေးတွင် နဂိုမူလစာသားဖြစ်သည့် တောင်တန်းပြည်မဟု ပြင်ဆင်သင့်ကြောင်း ဆုံးဖြတ်ခဲ့ပြီး လာမည့် ပြည်ထောင်စုနေ့အမီ ပြန်လည်ပြင်ဆင်ထွင်းထုပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးစိုင်းစွံဆိုင်းက ဖြေကြားသည်။ ထို့အပြင် ပင်လုံစာချုပ်ချုပ်ဆိုရာတွင် ပါဝင်ခဲ့သည့် ခေါင်းဆောင် (၂၃) ဦး၏ ရုပ်ပုံ vinyl ကိုပါ ပြုပြင်ပေးသွားမည်ဟု ဝန်ကြီးကပြောသည်။


ဓာတ်ပုံ- Sai Lynn Myat Facebook

အဆိုပါခေါင်းဆောင်များ၏ ပုံတူပန်းချီကားများကို ယခုမေးခွန်းမေးမြန်းသူ စိုင်းလင်းမြတ်ကိုယ်တိုင် ၂၀၁၂ က ရေးဆွဲခဲ့ပြီး ယခင်သမ္မတဦးသိန်းစိန်၏ ဖိတ်ကြားမှုဖြင့် ၂၀၁၄ ခုနှစ် ပြည်ထောင်စုနေ့ ညစာစားပွဲ အခမ်းအနားတွင်လည်းကောင်း၊ Myanmar Peace Center တွင်လည်းကောင်း ခင်းကျင်းပြသခဲ့ဖူးသည်။ ယခုအခါ ထိုမူရင်းပန်းချီကားအား resolution အမြင့်သုံးကာ ၆ ပေ ၄ ပေအရွယ် uv printing ဖြင့် ရိုက်နှိပ်ပြီး စိုင်းလင်းမြတ်မှ ပင်လုံကျောက်တိုင်ဝန်းအတွင်း စိုက်ထူလှူဒါန်းသွားရန် စီစဉ်နေကြောင်းနှင့် ထိုသို့စီစဉ်ထားခြင်းအပေါ် အစိုးရအဖွဲ့၏ သဘောထားကိုမေးမြန်းထားကြောင်း ၎င်းက ဆိုသည်။

ပင်လုံကျောက်တိုင် ကမ္ပည်းမော်ကွန်းရေးထိုးထားမှုကို မူလအတိုင်းပြင်ဆင်ခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်သလို သမိုင်းအစစ်အမှန်တစ်ခုကို ပြန်ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ပြောသည်။

ပင်လုံကျောက်တိုင်သည် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ ကတိကဝတ်ပြုစာချုပ်ချုပ်ဆိုသည့်နေရာတွင် စိုက်ထူထားခြင်းဖြစ်ပြီး ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့တွင်ရှိသည်။ ပင်လုံစာချုပ်ချုပ်ဆိုပြီး ကျောက်တိုင်ကို စတင်စိုက်ထူခဲ့စဉ် သပြေသားတိုင်ကို အသုံးပြုခဲ့ပြီး ကမ္ပည်းမော်ကွန်းစာကို 'တောင်တန်းပြည်မ ပူးပေါင်းရေးစာချုပ်ကျောက်တိုင်' ဟု ရေးထိုးခဲ့ကြသည်။ ထို့နောက်ပိုင်း ခေတ်အဆက်ဆက်ပြုပြင်ခဲ့ရာတွင် 'ပြည်မတောင်တန်းပူးပေါင်းရေးစာချုပ်ကျောက်တိုင်'ဟု ပြောင်းလဲသွားခြင်းဖြစ်ကြောင်း သိရသည်။

**(ကိုးကား- စိုင်းလင်းမြတ်၊ One News Myanmar )**

# ကုန်ထုတ်လမ်း(မြေနီလမ်း)များ၏ တစ်မိုင်စံနှုန်းသတ်မှတ်ချက် သိသာစွာများပြားနေသည့်အပေါ် မေးခွန်းထုတ်



**ဇန်နဝါရီ ၃ ရက်၊ ၂၀၂၀**

ဇန်နဝါရီလ (၂) ရက်နေ့တွင် ကျင်းပသော မကွေးတိုင်းဒေသကြီးလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့တွင် အောင်လံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအေးကျော်က မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ကုန်ထုတ်လမ်း(မြေနီလမ်း)များ၏တစ်မိုင်စံနှုန်းမှာ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သော ကျေးလက်လမ်း(မြေနီလမ်း)များ၏တစ်မိုင်စံနှုန်းထက် သိသာစွာပိုမိုများပြားနေခြင်းကို သိရှိလိုကြောင်း မေးမြန်းခဲ့သည်။

အဆိုပါမေးခွန်းအား စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ငွေးက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သည့် မြေနီကျောက်စရစ်ခင်းခြင်း တစ်မိုင်စံနှုန်း ကုန်ကျငွေမှာ ကျပ် (၂၄.၀) သန်းဖြစ်ပြီး ၎င်းလုပ်ငန်းတွင် လမ်းအကျယ် (၁၈) ပေအပေါ်ယံမြေလွှာဖယ်ရှားခြင်း၊ လိုအပ်သည့်နေရာများတွင်မြေသား တာဘောင် (၂) ပေထုတင်ခြင်း၊ လမ်းအကျယ် (၁၈) ပေ မြေနီကျောက်စရစ် ကျောက်သိပ်သည်းပြီး (၆)လက်မ ထုတင်ခြင်း၊ လိုအပ်သည့်နေရာများတွင် ရေမြောင်းတူးခြင်း၊၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သည့် ကုန်ထုတ်လမ်းများမှာ ကျောက်ရောမြေသိပ်သည်းပြီး (၁)လက်မထုတစ်လွှာတင်ခြင်းအတွက် တစ်မိုင်စံနှုန်းကုန်ကျငွေကျပ် (၁၄.၉၁၂) သန်းဖြစ်ပြီး ၎င်းပေါ်တွင် ထပ်၍ မြေနီကျောက်စရစ်သိပ်သည်းပြီး (၉) လက်မထုခင်းခြင်း၊ တစ်မိုင်စံနှုန်းကုန်ကျငွေမှာ ကျပ် (၁၄.၄၈) သန်း ဖြစ်သည်ဟုဆိုသည်။ ထို့အပြင် ၎င်းလုပ်ငန်းတွင် လမ်းအကျယ် (၂၅) ပေ မြေနေရာရှင်းလင်းခြင်း၊ တာဘောင်ထိပ်အကျယ် (၁၂) ပေနှင့် အောက်ခြေအကျယ် (၁၅) ပေ ကျောက်ရောမြေသိပ်သည်းပြီး (၁) လက်မထုတစ်လွှာခင်းခြင်း၊ လမ်းအကျယ် (၁၂) ပေ မြေနီကျောက်စရစ်ကျောက်သိပ်သည်းပြီး (၉) လက်မထုတင်ခြင်း၊ လမ်းဘေး ဝဲ/ယာ လိုအပ်သည့်နေရာများတွင် ရေမြောင်းတူးခြင်းတို့ ပါဝင်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ကုန်ထုတ်လမ်းများမှာ လုပ်ငန်းသဘာဝအရ လယ်မြေ/ယာမြေများအတွင်း ဖြတ်သန်းဖောက်လုပ်ရသဖြင့်လမ်းအောက်ခံမြေသား (Sub Grade) အလွှာအား သတ်မှတ်လမ်းခံနိုင်ဝန်အား CBR (၂၀%) ပြည့်မီနိုင်ရန် ကျောက်ရောမြေ (၁) ပေထုတင်ခြင်းလုပ်ငန်းအား လမ်းအခြေခံအလွှာ (Sub Base Course)အဖြစ် မဖြစ်မနေ ထည့်သွင်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းသဘာဝမတူသည့် လယ်ယာမြေများပေါ်တွင် ဆောင်ရွက်ရပြီး အောက်ခံ အလွှာနှင့် အပေါ်လွှာနှစ်ဆင့် ဆောင်ရွက်ရသဖြင့် အခြားဌာနလမ်းတစ်လွှာဈေးနှုန်းထက် ပိုမိုခြင်းဖြစ်သည်ဟု ဖြေကြားခဲ့သည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သည့် ကုန်ထုတ်လမ်းများမှာ လုပ်ငန်းသဘာဝအရ လမ်းနှစ်ဆင့် ကဲ့သို့ ဆောင်ရွက်ရခြင်းဖြစ်ပြီး လမ်းတစ်ဆင့်ခြင်း စိစစ်ပါက အခြားဌာနတင်ဒါဈေးနှုန်းထက် ပိုမိုခြင်းမရှိဟုဆိုပြီး စံနှုန်းနှင့်ပတ်သက်၍ ကိုယ်စားလှယ်၏ ထပ်ဆင့်မေးမြန်းချက်အပေါ် ပြန်လည်စိစစ်သွားမည်ဟု ဝန်ကြီးက ပြောကြားခဲ့သည်။

**(ကိုးကား-မကွေးတိုင်းဒေသကြီးလွှတ်တော်ဖေ့စ်ဘွတ်ခ်)**





# ရန်ကုန်စာရင်းစစ်ချုပ်အစီရင်ခံစာကို လွှတ်တော်ထံမဖြန့်ပါက သမ္မတထံစာတင်မည်ဟု ဒေါ်ညိုညိုသင်းဆို




ရန်ကုန်စောင့်ကြည့်အဖွဲ့ တည်ထောင်သူ ဒေါ်ညိုညိုသင်း (ဓာတ်ပုံ - ခင်မိုးမိုးလွင် / Myanmar Now)

**ဇန်နဝါရီ ၆၊ ၂၀၂၀**

ရန်ကုန်တိုင်း စာရင်းစစ်ချုပ်အစီရင်ခံစာကို မကြာမီကျင်းပမည့်တိုင်းလွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် အများပြည်သူထံ မဖြန့်ပါက နိုင်ငံတော်သမ္မတထံ စာပေးပို့တိုင်ကြားမည်ဟု ရန်ကုန်စောင့်ကြည့်အဖွဲ့ တည်ထောင်သူ ဒေါ်ညိုညိုသင်းက ပြောသည်။

လာမည့် ဇန်နဝါရီ ၈ ရက်တွင် ရန်ကုန်တိုင်းလွှတ်တော်အစည်းအဝေး စတင်ကျင်းပမည်ဖြစ်ပြီး ၂ ပတ်အတွင်း လွှတ်တော်ကိုယ်စားလှယ်များနှင့် အများပြည်သူထံ စာရင်းစစ်ချုပ်အစီရင်ခံစာကို ဖြန့်ဝေခြင်းမရှိပါက သမ္မတနှင့် ဥပဒေရေးရာအဖွဲ့အစည်းများထံ စာပေးပို့မည်ဟု ၎င်းကဆိုခြင်းဖြစ်သည်။

စာရင်းစစ်ချုပ်အစီရင်ခံစာသည် ရန်ကုန်တိုင်းအတွင်းအစိုးရ၏ စီမံကိန်းများ၌ ပြည်သူ့ဘဏ္ဍာငွေကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ သုံးစွဲခြင်း ရှိမရှိ၊ နိုင်ငံတော် နစ်နာမှု ရှိမရှိ စသည့်အချက်များ ဖော်ပြထားသည့် အစီရင်ခံစာဖြစ်သည်။

ယခင်နှစ်များက စာရင်းစစ်ချုပ်က အစီရင်ခံစာကို လွှတ်တော်သို့ တင်သွင်းပြီးလျှင် လွှတ်တော်ကိုယ်စားလှယ်များနှင့် မီဒီယာများ ကြည့်ရှုခွင့်ရရှိခဲ့သော်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ရန်ကုန်တိုင်း စာရင်းစစ်ချုပ် အစီရင်ခံစာကို စာရင်းစစ်ချုပ်ရုံးက ဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌထံသာ တင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များကို ပေးဝေခြင်း မရှိခဲ့ပေ။

ယင်းအပေါ် ဒေါ်ညိုညိုသင်းက ယနေ့တွင် 'ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်အစီရင်ခံစာမူရင်း ဘယ်ရောက်နေလဲ' ခေါင်းစဉ်ဖြင့် သတင်းစာရှင်းလင်းပွဲ ပြုလုပ်၍ ယင်းသို့ ထုတ်ပြန်ကြေညာလိုက်ခြင်း ဖြစ်သည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃ (က)(၁) အရ ပြည်သူများ သိပိုင်ခွင့်ရှိသော အစီရင်ခံစာမူရင်းကို ထိန်ချန်ရာတွင် မိမိတို့၏လုပ်ပိုင်ခွင့်ကိုသုံးစွဲ၍ လူတစ်စုတစ်ဖွဲ့ကို အကျိုးဖြစ်ထွန်းစေခဲ့လျှင် သို့မဟုတ် မဟုတ်မမှန် လုပ်ဆောင်သည့် လူတစ်စုတစ်ဖွဲ့ကို ကာကွယ်ဖုံးကွယ်ရာရောက်စေခဲ့လျှင် အဂတိလိုက်စားမှုဖြစ်ကြောင်း ဒေါ်ညိုညိုသင်းက အဆိုပါဥပဒေကို ကိုးကား၍ သတိပေးပြောဆိုခဲ့သည်။

သဃ်န်းကျွန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်က လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအနေဖြင့် ဥပဒေအရ ရန်ကုန်တိုင်းစာရင်းစစ်ချုပ် အစီရင်ခံစာကို ဖတ်ရှုရန် အခွင့်အရေးရှိကြောင်းဆိုသည်။

"ဥပဒေမှာရေးထားတဲ့ စကားလုံးက ဝန်ကြီးချုပ်ကို အစီရင်ခံစာတင်တာနဲ့ တစ်ပြိုင်နက် လွှတ်တော်ကို အစီရင်ခံရမယ်လို့ ပါတယ်။ ပြောချင်တာက လွှတ်တော်ကို အစီရင်ခံရမယ်ဆိုတဲ့ အဓိပ္ပာယ်က လွှတ်တော်ကို ပြောတာ။ လွှတ်တော်ဥက္ကဋ္ဌကို ပြောတာ မဟုတ်ဘူး။ ဥပဒေရဲ့ စကားလုံးကို ကျွန်တော်တို့ အဲဒီလိုပဲ နားလည်တယ်"ဟု ၎င်းက ဆိုသည်။

ရန်ကုန်တိုင်းအစိုးရ၏ ပထမအကြိမ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၏ စာရင်းစစ်ချုပ်အစီရင်ခံစာတွင် မြေငှားရမ်းခများ ကာလပေါက်ဈေးထက် နည်းနေခြင်း၊ အစိုးရတည်ထောင်သော ကုမ္ပဏီများတွင် ကျပ်ငွေဘီလီယံပေါင်းများစွာ နစ်နာကြောင်း ဖော်ပြခဲ့ပြီး အစီရင်ခံစာနှင့်ပတ်သက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က အရေးယူပေးရန် တိုင်ကြားမှုများ ရှိခဲ့သည်။

**(ကိုးကား-https://myanmar-now.org/mm)**